## ပြည့်စုံသောတပည့်တော်ဖြစ်စေသူများတိုးပွားများပြားခြင်း-
MULTIPLYING INTEGRAL DISCIPLE MAKERS – IDMM

**နေ့စွဲ-** 08/19 (တစ်နာရီ)

**ရည်မှန်းချက်များ-** ဤသင်ခန်းစာလုပ်ဆောင်ပြီးစီးသည့်နောက်တွင် ပါဝင်လုပ်ဆောင်သူများ (သင်တန်းသား၊ သူ) သည်

၁.ဘုရားသခင်၏နိုင်ငံတော်ထဲသို့ခေါ်ဆောင်ရာတွင် ယေရှု၏နည်းဗျူဟာသည် တပည့်တော်ဖြစ်စေသူများအားသင်ကြားလေ့ကျင့်ပေးရန်ဖြစ်ခဲ့သည်ကို သိရှိနားလည်နိုင်လိမ့်မည်။

၂. တပည့်တော်ဖြစ်စေခြင်းဟူသည်အသက်တာ နယ်ပယ်အသီးသီး၌ကြီးထွား တိုးတက်လာခြင်းနှင့် အသွင်ပြောင်းလဲခြင်းတို့ဖြစ်သည်ကို သိရှိနားလည်နိုင်လိမ့်မည်။

## <u>သင်တန်းဆရာများအတွက် ခြုံငုံသုံးသပ်ခြင်း-</u>

<u>**ပွဲဦးထွက်စတင်လှုပ်ရှားသူ**</u>

**သရုပ်ဖော်ခြင်း-** လူနှစ်ယောက်တို့သည် စကားပြောနေကြသည်။

**ပထမပုဂ္ဂိုလ်**-ဟယ်လို/မင်္ဂလာပါ သူငယ်ချင်း။ နေကောင်းသလား။ သင်၏သာသနာလုပ်ငန်း အခြေအနေ ဘယ်လိုလဲ။

**ဒုတိယပုဂ္ဂိုလ်-** ကျွန်တော်အလွန်ကျေနပ်အားရခဲ့ပါသည်။ လွန်ခဲ့သောလမှာ ကျွန်တော်သည်လူ့အသိုင်း အဝိုင်းတစ်ခုသို့သွားကောက်ခဲ့ ပြီး ထို သူတို့အထဲမှ လူ နှစ်ဆယ့်သုံးယောက်သည် ကောင်းကင်နိုင်ငံသို့ဝင် ရောက် ခွင့် လက်မှတ် ကို ရရှိခဲ့ပြီး၊ ငရဲမှလွတ်မြောက်ခြင်းကို ခံခဲ့ရသည်။ နောက်လာမည့် စနေနေ့ တွင် ကျွန်တော်သည် အခြား သောရွာတရွာသို့သွားရောက်လည်ပတ်မည်။ များစွာသောလူတို့သည် သူတို့၏ခရီးသွား လက်မှတ်ကိုရရှိကြလိမ့်မည်ဟု ကျွန်တော်မျှော်လင့်ပါသည်။ သင်ကော ဘယ်လိုလဲ။

**ပထမပုဂ္ဂိုလ်-** လွန်ခဲ့သောခြောက်လအထိ ကျွန်တော်သည် လူ့အသိုင်းအဝိုင်းတစ်ခုထဲတွင် ပါဝင်နေခဲ့သည်။ ကျွန်တော်သည်မိသားစုနှစ်စုထံသို့သွားရောက်လည်ပတ်ခဲ့သည်။ မိသားစုများ၏အုပ်ထိန်းသူများသည် ခရစ်တော် ကို လက်ခံယုံကြည်သူများဖြစ်လာခဲ့ကြသည်။ သူတို့၏အသက်ရှင်နေထိုင်မှုများသည်ပြောင်းလဲခဲ့ပြီးသူတို့သည် ကျန်းမာသန်စွမ်းသော မိသားစုများဖြစ်လာခဲ့သည်။ ကျွန်တော်သည် သူတို့အား ဘုရားသခင် ကိုချစ်တတ်ရန်၊ သူတို့နှင့်စပ်ဆိုင်သူများကိုချစ်ရန်ပြည့်စုံသောတပည့်တော်များအဖြစ် သူတို့အားသင်ကြား လေ့ကျင့်ပေးနေသည်။ ယခုအချိန်တွင် ဤမိသားစုများတို့သည် သူတို့ နှင့်စပ်ဆိုင်သူများအား ဘုရားသခင်၏နိုင်ငံတော်အကြောင်းသတင်းကောင်းကို စတင်ဝေငှ နေသည်။ သူတို့သည် ယေရှု၏တပည့်တော်အသစ်များဖြစ်လာစေရန် လုပ်ဆောင်နေကြသည်။ ထို နေရာ၌နေထိုင်သူများတို့သည် စတင်ပြောင်းလဲနေသည်။

**ဒုတိယပုဂ္ဂိုလ်-** ထိုအရာသည် ကောင်း၏။ သို့သော်လည်း ကျွန်ုပ်အတွက် တော့ နှေးကွေး တယ် လို့ ထင်မြင်မိတယ်။

**-------SHO မေးခွန်းများ----------------**

S= သင်ဘာကို**မြင်**သနည်း။

H= ဘာတွေ**ဖြစ်ပျက်**ခဲ့သနည်း။

O= ဤအရာသည် **ကျွန်တော်တို့၏**နေရာဒေသတွင် ဖြစ်ပျက်သလား။

မေးမြန်းရန်- သင်၏နိဂုံးချုပ်များတို့သည် အဘယ်အရာနည်း။

- ဘုရားသခင်၏သာသနာ့လုပ်ငန်းဟူသည် လူတို့အားရေမှကယ်ဆယ်ရန်သာမက ကမ္ဘာပေါ်တွင် မြင်သာသောပြုပြင်ပြောင်းလဲမှုတစ်ခုကိုသယ်ဆောင်သော ကိုယ်တော်၏နိုင်ငံတော်ကိုကြော်ငြာရန် နှင့် ညွှန်ပြရန်လည်း ဖြစ်သည်။
- ယေရှုသည် ဘုရားသခင်၏နိုင်ငံတော်နှင့် ဆင်းရဲနွမ်းပါးသူများအတွက် သတင်းကောင်းတို့ကိုဖော်ပြရန်နှင့်ကြော်ငြာရန်လာခဲ့သည်။ထိုအရာတို့သည် ကျွန်တော်တို့ကောင်းကင်နိုင်ငံတော်သို့ ရောက်ရှိချိန် တွင်မဟုတ်ပါ။
- ယေရှုသည် ကျွန်တော်တို့အားတပည့်တော်ဖြစ်စေခြင်းအလုပ်ကို ပေးခဲ့သည်။

## I. ဘုရားသခင်၏နိုင်ငံတော်

**ဘုရားသခင်၏နိုင်ငံတော်နှင့်ပတ်သက်၍ သခင်ဘုရား၏ပဌနာတော်တွင် ကျွန်တော်တို့ အဘယ်သို့ဆုတောင်းသနည်း။**

နိုင်ငံတော်တည်ထောင်ပါစေသော။ အလိုတော်သည်ကောင်းကင်ဘုံ၌ပြည့်စုံသကဲ့သို့ မြေကြီးပေါ် မှာပြည့်စုံပါစေသော။

**က. စဉ်းစားတွေးတောပါ.... ဘုရားသခင်၏နိုင်ငံတော် (ရှာလုံ) သည်ကျွန်တော်တို့၏အသိုင်းအဝိုင်း တွင်ရှိသောအခါ ကျွန်တော်တို့၏အသိုင်းအဝိုင်း (ကျေးရွာ၊ ယင်း၌နေထိုင်သူ) သည် အဘယ်အရာ နှင့် တူညီလိမ့်မည်နည်း။**

စုပေါင်းအဖွဲ့၌ဆွေးနွေးပါ။ ပါဝင်သူများ၏အဖြေများကို စာရင်းတစ်ခုပြုစုပါ။ အလွန်လက်တွေ့ လေ့ကျင့်နိုင်စေရန် သူတို့ကိုကူညီပါ။

၁. လူတို့သည်တစ်ဦးကိုတစ်ဦးချစ်ကြသည်။

၂. လူတို့သည် ပူးပေါင်းဆောင်ရွက်သောဆက်သွယ်မှု၌ အတူတကွအလုပ်လုပ်ကြသည်။

၃. အားလုံး (ဘုရားသခင်၏နိုင်ငံတော်သည် ယေရှုပြန်လာသောအခါ လုံးလုံးလျားလျားထင်ရှား အောင်သာပြုလုပ်ရမည်နှင့် ရောဂါပိုးများသည် ကမ္ဘာမြေကြီးပေါ်သို့ ကျန်ရှိနေခြင်းတို့ကို အလေးထားမှုနှင့် ရောဂါဝေဒနာသယ်ဆောင်ခြင်း) အတွက် အခြေခံကျန်းမာရေးဂရုစိုက် စောင့်ရှောက်မှုကို ချဉ်းကပ်ဝင်ရောင်ခြင်း။

၄. ကလေးများတို့သည် ကိုယ်အလေးချိန်စီးသည်၊ ကာကွယ်ဆေးထိုးသည်။

၅. ကိုယ်ဝန်နှင့်နို့စို့ကလေးများသေဆုံးခြင်းတွင် (ကောင်းသောကိုယ်ဝန်နှင့် ကလေးသူငယ် စောင့်ရှောက်ခြင်း) လျော့နည်းမှု

၆. ကျန်းမာရေးပညာ

၇. ကောင်းမွန်သောအဟာရ
၈. အားလုံးအတွက်ပညာရေး၊ စာသင်ကျောင်းများ။ လူတို့သည် စာဖတ်နိုင်သည်၊ စာရေးနိုင်သည်။
၉. ရောဂါကာကွယ်ရန်တစ်ကိုယ်ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး၊
၁၀. စိုက်ပျိုးရေး၊ ဥ စနစ်တကျစုစည်းခြင်း၊ မွေးမြူရေး.....
၁၁. အားလုံးအတွက်အလုပ်လုပ်ခြင်း၊ အလုပ်အကိုင်ဖန်တီးခြင်း၊
၁၂. ဘုရားသခင်၏အမိန့်တော်အရ ဖိုမလက္ခဏာ/ကာမဆက်ဆံမှု၊ STI မဟုတ်ပါ၊ ခင်ပွန်းအပေါ်၌သစ္စာရှိခြင်း။
၁၃. မိသားစုများပြန်လည်ညီညွတ်ခြင်း-- ဖခင်၊ မိခင်နှင့် ကလေးများ အတူတကွ
၁၄. တရားမျှတခြင်း- သူခိုးမရှိ
၁၅. မုဆိုးမများနှင့်မိဘမဲ့ကလေးများအား စောင့်ရှောက်ခြင်း
၁၆. စသည်ဖြင့်..

ယေရှုသည် လူမျိုးအပေါင်း၌ လူ့အသိုင်းအဝိုင်းများပြုပြင်ပြောင်းလဲစေရန်အတွက် တူညီသောဤရုံပါရူရှိသည်။

## ခ. <u>လူမျိုးများတွင် တည်ထောင်ခဲ့သောဘုရားသခင်၏နိုင်ငံတော်ကို မြင်တွေ့ရန် ယေရှု၏နည်းဗျူဟာမှာအဘာယ်နည်း။</u>

မဿဲ ၉း၃၅-၁၀း၈.
အဖွဲ့ငယ်အဖြစ် ခွဲပါ။ ကျမ်းပိုဒ်ကိုဖတ်ပြီး ယေရှုကအဘာယ်အရာကိုလုပ်ခဲ့သည်ကို စာရင်းပြုစုပါ။ စုပေါင်းအဖွဲ့သို့ အစီရင်ခံပါ။
၁. နေရာအနှံ့-- အကြီး၊ အငယ် သို့သွားခဲ့သည်။
၂. စာသင်ပေးခြင်း၊
၃. ကောင်းသောသတင်းကို ဟောပြောခြင်း၊
၄. ကုသပေးခြင်း
၅. အလုပ်သမားများအတွက် ဆုတောင်းပေးခြင်း
၆. တပည့်တော် တစ်ဆယ့်နှစ်ပါးကို ရွေးချယ်ခဲ့ခြင်း
၇. သူတို့အားလေ့ကျင့်ပေးခဲ့ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာပေးခဲ့ခြင်း
၈. သူတို့အားစေလွှတ်ခြင်း
၉. ကိုယ်တော်ပြခဲ့သကဲ့သို့ သူတို့လုပ်ဆောင်ခဲ့ခြင်း

ကိုယ်တော်၏နည်းဗျူဟာသည် ရိုးရိုးလေးဖြစ်ခဲ့သည်။ သို့သော်လည်း အကျိုးသက်ရောက်မှုရှိခဲ့သည်။
တစ်ဆယ့်နှစ်ဦးကို **ရွေးချယ်**ခဲ့ပြီး သူတို့အားကိုယ်တော်၏မိတ်ဆွေဖြစ်စေခဲ့သည်။
အလွန်တိကျသောနည်းလမ်း (နိုင်ငံတော်၏နည်းလမ်းများ)၌ သူတို့အား **လေ့ကျင့်**ပေးခဲ့သည်။
ကိုယ်တော်ပြခဲ့သည့်အတိုင်း ထိုကဲ့သို့ပြုလုပ်ရန် သူတို့အား**စေလွှတ်**ခဲ့သည်။
ရွေးချယ် ⟶ လေ့ကျင့် ⟶ စေလွှတ်

## II. တပည့်တော်တစ်ဦးဟူသည် အဘယ်နည်း။

အဖွဲ့တစ်ဖွဲ့တွင်သုံးဦးအား "ယေရှု၏တပည့်တော်တစ်ဦးဆိုသည်မှာ တစ်စုံတစ်ဦးဖြစ်သည်။ ထိုသူသည်......" ဟူ၍ စတင်ခြင်းဖြင့်ယေရှု၏တပည့်တော်တစ်ဦးဟူသည့် တိုတောင်း သောအဓိပ္ပါယ်တစ်ခုကိုပေးပါ။

အကျဉ်းချုပ်တစ်ခုပေးပါ။

တပည့်တော်ဟူသည် လူတစ်ဦးဖြစ်ပြီး သူတို့၏အသက်တာတွင် ယေရှုအားရှင်ဘုရင်အဖြစ်ရှိစေသူ၊


ဘုရားသခင်ကိုချစ်ရန်လေ့လာသင်ယူသောသူနှင့် တခြားသော သူများကို ချစ်သောသူ၊ တပည့်တော်များဖြစ်လာစေသူကို ခေါ်သည်။

သင်ပုန်းပေါ်၌ အောက်ပါရုပ်ပုံကို ဆွဲပြီးမှတ်စု(အတိုင်း)ပေးပါ။

ကြီးမားသောပညတ်တော်နှင့် ကြီးမားသောစေခိုင်းချက်၏ အကျဉ်းချုပ်ဖြစ်သည်ကို ရှင်းပြပါ။

လုကာ ၁၀း၂၅-၂၉

မဿဲ ၂၈း၁၈-၂၀




## III. ယေရှုသည် ကျွန်တော်တို့၏ရှင်ဘုရင်ဖြစ်၍၊ တပည့်တော်ဖြစ်လာစေခြင်းအတွက် ကျွန်တော်တို့၏ ပုံသက်သေဖြစ်သည်။

### က. ကျွန်တော်တို့၏ပုံသက်သေဖြစ်သောယေရှုခရစ်၏အသက်တာထဲမှ အဘယ်အရာကို လေ့လာသင်ယူနိုင်သနည်း။

ရှင်လုကာ ၂း၅၂ ကိုဖတ်ပါ၊ ယေရှုသည်လည်း အစဉ်အတိုင်းကြီး၍ပညာတိုးပွါးလျက်၊ ဘုရားသခင်ရှေ့၊ လူတို့ရှေ့မှာ မျက်နှာရတော်မူ၏။

ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်ခဲ့သော်လည်း သူသည်လူသားလည်းဖြစ်ခဲ့သည်။ သူသည် သူငယ်ကဲ့သို့၊ လူငယ်ကဲ့သို့ နှင့် ဆယ်ကျော်သက်အရွယ်ကဲ့သို့ ကြီးထွားလာခဲ့သည်။
သူသည် အောက်ပါနယ်ပယ်လေးခု၌ ကြီးထွားလာခဲ့သည်။

၁. ဉာဏ်ပညာ - အသိပညာ (သို့ ) ပညာရေး
၂.အဂုပ်အမောင်း- ကိုယ်ခန္ဓာပိုင်းရေးရာ
၃. ဘုရားသခင်၏ရှေ့မှာမျက်နှာရခြင်း- ဝိညာဉ်ရေးရာ
၄. လူတို့၏ရှေ့မှာမျက်နှာရခြင်း- စိတ်ခံစားမှုနှင့် လူမှုရေးရာ

ခ. <u>ယေရှုနောက်သို့ ကျွန်တော်တို့ လိုက် သကဲ့သို့ လိုက်သကဲ့သို့ ကျွန်တော်တို့သည် အဘယ်နယ်ပယ်များ၌ ကြီးထွား၍အခြားသူများကိုလည်း ကောင်းမွန်စွာကြီးထွားလာစေရန် လေ့ကျင့်သင်ကြားပေးသင့်သနည်း။</u>

တူညီသောနယ်ပယ်လေးခု
ရှင်းပြရန်- ပြည့်စုံသောတပည့်တော်ဖြစ်စေခြင်းလုပ်ရားမှု (IDMM) တွင် ကျွန်တော်တို့သည် လူအပေါင်းနှင့် လူ့အသိုင်းအဝိုင်းများကို ပြင်ဆင်တပ်ဆင်ရန်နှင့် လေ့ကျင့်ပေးရန် လုပ်ဆောင်နေပါသည်။ ထို့ကြောင့် သူတို့သည် နယ်ပယ်အားလုံး၌ ကြီးထွားနိုင်သည်။ နယ်ပယ်တစ်မျိုးတည်းကို အထူးကျွမ်းကျင်သူမရှိပေ။ ကျွန်တော်တို့အား **<u>ပြီးပြည့်စုံသောတပည့်တော်များ</u>** ဟုခေါ်သည်။

## IV. ယေရှု၏တပည့်တော်တစ်ဦးအဖြစ် ကြီးထွားခြင်း

### က. <u>ကျွန်တော်တို့သည် ဤနယ်ပယ်လေးခုစီတိုင်းတွင် တပည့်တော်တစ်ဦးအဖြစ် အဘယ်ကဲ့သို့ လက်တွေ့ကျကျ ကြီးထွားနိုင်သနည်း။</u>

ပါဝင်သောသင်တန်းသူ၊သားများသည် အဖွဲ့လေးဖွဲ့၌ အလုပ်လုပ်သည်။ အဖွဲ့တစ်ဖွဲ့အားနယ်ပယ် တစ်ခုကို လုပ်စေပါ။ တပည့်တော်များတို့သည် ထိုနယ်ပယ်လေးခုစီတိုင်းတွင် အဘယ်ကဲ့သို့ ကြီးထွားသင့်သည်ကိုထောက်တိုင်ပေါ်တွင်တင်ထားသည့် စက္ကူကဒ်အကြီးတွင် အဖြေများကို သူတို့ရေးရမည်။
ပြန်၍အစဉ်ရင်ခံစေပါ။

**<u>ဉာဏ်ပညာ</u>**

ဘဏ္ဍာငွေများ/ဘဏ္ဍာစိုးဖြစ်ခြင်းတို့ကို အဘယ်ကဲ့သို့စီမံခန့်ခွဲမလဲ။
သဘောထားလွဲခြင်းကို စိတ်ပိုင်းဖြတ်ခြင်း/ဆုံးဖြတ်ချက်ချခြင်း
သမ္မာကျမ်းစာဆိုင်ရာ လောကအမြင်
ကျွန်တော်တို့လေ့လာသင်ယူထားသောအရာကိုလက်တွေ့ကျင့်သုံးခြင်း/
ကောင်းသောစည်းမျဉ်းများ

**<u>ကိုယ်ခန္ဓာပိုင်းရေးရာ</u>**

ပထမအနေဖြင့် မတော်တဆထိခိုက်(ဒဏ်ရာရ) မှုအတွက် အကူအညီပေးခြင်း/တားဆီးခြင်း
ကောင်းမွန်စွာစားသောက်ခြင်း/ လေ့ကျင့်ခန်းပြုလုပ်ခြင်း/ သွားသန့်ရှင်းစေခြင်း

ခန္ဓာကိုယ်/တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်း
အထွေထွေကုဆရာဝန်ကကြည့်ရှုကုသပေးမှု
ရောဂါများကို ကြိုတင်ကာကွယ်ခြင်း
ရောဂါကာကွယ်ရန်တစ်ကိုယ်ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး/ကျန်းမာရေးအတွက်
ဆောင်ရွက်ပြုလုပ်ခြင်း
လိင်ဆက်ဆံမှုရောဂါကာကွယ်ရန်တစ်ကိုယ်ရေသန့်ရှင်းရေး
အမျိုးသမီးများ၏ဘဝဇာတ်ခုံ
ဥယျာဉ်စိုက်ပျိုးခြင်း
ကြက်ဘဲမွေးမြူခြင်း

**ဝိညာဉ်ရေးရာ**

ဘုရားသခင်၏နှုတ်ကပတ်တော်ကိုကြားနာခြင်းနှင့် နာခံခြင်း
ခရစ်တော်၏ကိုယ်ခန္ဓာတွင် ကျွန်တော်တို့၏နေရာကိုရှာဖွေခြင်း
ဆုတောင်းခြင်း
သတင်းကောင်းကိုသွား၍ ဝေငှခြင်း
လူနာအတွက်မည်ကဲ့သို့ဆုတောင်းပေးရမည်နှင့် နတ်ဆိုးတို့အား အဘယ်သို့နှင်ထုတ်ရမည်ကို
လေ့လာခြင်း

**လူမှုရေးရာ**

အလုပ်ကိုကြိုးစားလုပ်ခြင်း (တပည့်တော်တို့သည် အကောင်းဆုံးအလုပ်သမားများအဖြစ်သိသည်)
ငြိမ်သက်ခြင်း/ပြန်လည်သင့်မြတ်ခြင်းတို့ကို ယူဆောင်လာခြင်း
မိသားစုကိစ္စရပ်များ
ကလေးများကိုပြုစုပျိုးထောင်ခြင်း
ခေါင်းဆောင်မှု
တရားမျှတမှု
ပညာရေး
သေးငယ်သောစီးပွါးရေးလုပ်ငန်း
(မူးယစ်)ဆေးဝါးအလွဲသုံးစားလုပ်ခြင်းကို တားဆီးခြင်း

**ခ. ယုံကြည်သူတစ်ဦးသည် တပည့်တော်တစ်ဦးကဲ့သို့ကြီးထွားတိုးတက်စေရန် အဘယ်အရာတို့ကို ပြုလုပ်ရမည်နည်း။**

၁. ကျွန်တော်တို့သည် ဘုရားသခင်နိုင်ငံတော်၏ရှင်ဘုရင်နှင့်အတူ ဆက်သွယ်မှုရှိသည်။
၂. ကျွန်တော်တို့သည် ကျွန်တော့်၏အသက်တာ၊ မိသားစုနှင့် ကျွန်တော့်၏ အသိုင်းအဝိုင်း (ဘုရားသခင်၏ချစ်ခြင်းမေတ္တာနှင့်အိမ်နီးနားချင်း )တွင်ယေရှု၏အမိန့်တော်များကို အဘယ်ကဲ့သို့လက်တွေ့ကျင့်သုံးရန် လေ့လာသည်။
၃. ကျွန်တော်တို့သည် ကျွန်တော်တို့လေ့လာသင်ယူနေသောအရာ--တပည့်တော်များဖြစ်စေခြင်း--

ကို အခြားသူများအား ဝေငှသည်။

**ဂ. ကျွန်တော်တို့သည် တပည့်တော်များဖြစ်စေသောသူများအား အဘယ်သို့ တပည့်တော်များဖြစ်လာစေသနည်း။**

တိမောသေဩဝါဒစာ ဒုတိယစောင် ၂း၂ ကိုဖတ်ပါ။

သက်သေအများရှိသည်နှင့် ငါ့ထံ၌ကြားရပြီးသောအရာတို့ကို သစ္စာနှင့်ပြည့်စုံ၍ သူတစ်ပါးတို့ကို သွန်သင်ခြင်းငှါ၊ တတ်စွမ်းနိုင်သောသူတို့၌ အပ်ပေးလော့။

၁. ကျွန်တော်တို့ဦးစွာ တပည့်တော်တစ်ဦးကဲ့သို့ ကြီးထွားသည်။

၂. ကျွန်တော်တို့သည် တတ်စွမ်းနိုင်သောသူများကိုရှာဖွေပြီး တပည့်တော်များကဲ့သို့ကြီးထွားစေရန် သူတို့အားကူညီသည်။

၃. ကျွန်တော်တို့သည် အခြားသူများကိုသင်ကြားစေရန် သူတို့ကိုစေလွှတ်ပြီး တပည့်တော်များဖြစ်လာစေသည်။

၄. ကျွန်တော်တို့သည် များစွာသောမျိုးဆက်များ၌ တိုးပွါးများပြားခြင်းအတွက် ကြည့်ရှုသည်။

**ဃ. အတူတကွလေ့လာသင်ယူနေသောတပည့်တော်များအဖွဲ့၏အမည်ကား အဘယ်နည်း။**

အသင်းတော်- နှုတ်ပတ်တော်၊ ဆုတောင်းခြင်း၊ ဘုရားသခင်အားဝတ်ပြုကိုးကွယ်ခြင်းတို့၌ ကြီးထွားတိုးတက်နေသောယေရှု၏တပည့်တော်များ

အသင်းတော်တစ်ပါးရှိစေရန် သင်သည်အဆောက်အအုံတစ်ခု လိုအပ်ပါသလား။ မလိုအပ်ပါ။

## V. အကျဉ်းချုပ်

**က. မည်သူသည် ပြီးပြည့်စုံသောတပည့်တော်တစ်ဦးဖြစ်သနည်း။**

နယ်ပယ်အားလုံး- ဉာဏ်ပညာ၊ ကိုယ်ခန္ဓာပိုင်းရေးရာ၊ စိတ်ခံစားမှုနှင့် ဝိညာဉ်ရေးရာတို့တွင် ယေရှု၏နောက်လိုက်တစ်ဦးကဲ့သို့ ကြီးထွားတိုးတက်လာနေသူ၊ ထိုနည်းကဲ့သို့ အခြားသူများအားတပည့်တော်များဖြစ်လာစေသူ ပုဂ္ဂိုလ်တစ်ဦး၊

**ခ. ကျွန်တော်တို့သည် ပြီးပြည့်စုံသောတပည့်တော်များအဖြစ် အဘယ်ကဲ့သို့ လက်တွေ့ကျကျ ဖြစ်စေသနည်း။**

၁. ရှာဖွေဖွဲ့စည်းထားသောအဖွဲ့များအား တပည့်တော်များကိုလေ့ကျင့်ပေးရန်အဖြစ် အသုံးပြုနိုင်သည်။

၂. သင်တန်းမှူးသည် ဝိညာဉ်ရေးရာပြောဆိုရန်အကြောင်းအရာ(ခေါင်းစဉ်)နှင့် ကိုယ်ခန္ဓာပိုင်းဆိုင်ရာ/လူမှုရေးဆိုင်ရာအကြောင်းအရာ(ခေါင်းစဉ်)များကိုနှစ်ပတ်ခြားတစ်လှည့်ပြီးတစ်လှည့်လုပ်ဆောင်နိုင်သည်။

၃. ဘုရားသခင်အားရှာဖွေနေသောသူများ၏လိုအပ်မှုများနှင့်အတူ စတင်ပါ။

၄. တပည့်တော်များ၏မိသားစုများ၊ သူတို့နှင့် စပ်ဆိုင်သူများနှင့်အတူ သူတို့လေ့လာနေသော အရာများကို ဝေငှရန် လေ့ကျင့်ပေးပါ။

၅. အကယ်၍ ကျွန်တော်တို့သည် တပည့်တော်များဖြစ်စေသောသူများအား တပည့်တော်များဖြစ်လာစေရန်အတွက် လက်တွေ့ကျင့်သုံးရန်ထားရှိပြီးဆုတောင်းပါက၊ ကျွန်တော်တို့သည် **ပြီးပြည့်စုံသောတပည့်တော်ဖြစ်စေခြင်းလုပ်ရှားမှု (IDMM)** ဟုခေါ်သည့် လှုပ်ရှားမှုတစ်ခုကို မြင်တွေ့လိမ့်မည်။

**ရပ်တည်မှု -** ကျွန်တော်တို့သည် တိုးပွါးများပြားသောတပည့်တော်များဖြစ်လာစေရန် လိုအပ်သည်။
**ကျွမ်းကျင်မှု-** သင်တန်းသား၊သူများသည် တပည့်တော်များတိုးပွါးများပြားလာစေရန် တတ်စွမ်းနိုင်လိမ့်မည်။
**အကဲဖြတ်ခြင်း-** သင်တန်းသား၊သူများတို့သည် အခြားသူများအား ပြောပြ၍၊
တပည့်တော်တိုးပွါးများပြားလာစေရန် တတ်စွမ်းနိုင်သလား။
**တန်ဆာပလာများ-** အရွယ်အစားကြီးသောစာရွက်အချပ်များ၊ ဖောင်တိန်များ၊ တိပ်ပြား
ပြီးပြည့်စုံသောတပည့်တော်မှတ်စု

---

ဤသင်ခန်းစာကို IDMM TOT တွင်အသုံးပြုသည်။

**ပွဲဦးထွက်စတင်သူလှုပ်ရှားသူ-**
**သရုပ်ဖေါ်ခြင်း-** လူနှစ်ယောက်တို့သည် စကားပြောနေကြသည်။
**ပထမပုဂ္ဂိုလ်**-ဟယ်လို/မင်္ဂလာပါ သူငယ်ချင်း။ နေကောင်းသလား။ သင်၏သာသနာလုပ်ငန်း
အခြေအနေ ဘယ်လိုလဲ။
**ဒုတိယပုဂ္ဂိုလ်-** ကျွန်တော်အလွန်ကျေနပ်အားရခဲ့ပါသည်။ လွန်ခဲ့သောလမှာ ကျွန်တော်သည်လူ့အသိုင်း အဝိုင်းတစ်ခုသို့သွားရောက်လည်ပတ်ခဲ့ ပြီး ထို သူတို့အထဲမှ လူ နှစ်ဆယ့်သုံးယောက်သည် ကောင်းကင်နိုင်ငံသို့ဝင် ရောက် ခွင့် လက်မှတ် ကို ရရှိခဲ့ပြီး၊ ထိုသူတို့သည် ငရဲမှလွတ်မြောက်ခြင်းကို ခံခဲ့ရသည်။ နောက်လာမည့် စနေနေ့ တွင် ကျွန်တော်သည် အခြားသောရွာတရွာသို့သွားရောက်လည်ပတ်မည်။များစွာသောသူတို့သည်သူတို့၏ခရီးသွား လက်မှတ်ကိုရရှိကြလိမ့်မည်ဟု ကျွန်တော်မျှော်လင့်ပါသည်။ သင်ကော ဘယ်လိုလဲ။
**ပထမပုဂ္ဂိုလ်-** လွန်ခဲ့သောခြောက်လအထိ ကျွန်တော်သည် လူ့အသိုင်းအဝိုင်းတစ်ခုတွင် ပါဝင်နေခဲ့သည်။
ကျွန်တော်သည်မိသားစုနှစ်စုထံသို့သွားရောက်လည်ပတ်ခဲ့သည်။
မိသားစုများ၏အုပ်ထိန်းသူများသည် ခရစ်တော် ကို လက်ခံယုံကြည်သူများဖြစ်လာခဲ့ကြသည်။
သူတို့၏အသက်ရှင်နေထိုင်မှုများသည် ပြောင်းလဲခဲ့ပြီး သူတို့သည်ကျန်းမာသန်စွမ်းသော
မိသားစုများဖြစ်လာခဲ့သည်။
**ဒုတိယပုဂ္ဂိုလ်-** ထိုအရာသည် ကောင်း၏။ သို့သော်လည်း ကျွန်ုပ်အတွက် တော့ နေးကွေး တယ် လို့ ထင်မြင်မိတယ်။

**သမ္မာကျမ်းစာကိုးကားချက်များ- ပြည့်စုံသောတပည့်တော်ဖြစ်စေသူများတိုးပွားများပြားခြင်း-**

(သင်တန်းမှူးကိုးကားချက်အတွက်သာ- မှတ်စုအတွက်မဟုတ်ပါ)

<u>ရှင်မဿဲခရစ်ဝင် ၆း၉-၁၃</u>

၉ ထို့ကြောင့်သင်တို့ဆုတောင်းရမည်မှာ ကောင်းကင်ဘုံ၌ရှိတော်မူသော ကျွန်ုပ်တို့အဘ၊ ကိုယ်တော်၏နာမတော်အား
ရိုသေလေးမြတ်ခြင်းရှိပါစေသော။
၁၀ နိုင်ငံတော်တည်ထောင်ပါစေသော။အလိုတော်သည်ကောင်းကင်ဘုံ၌ပြည့်စုံသကဲ့သို့မြေကြီးပေါ်မှာလည်း
ပြည့်စုံပါစေသော။
၁၁ အသက်မွေးလောက်သောအစာကိုကျွန်ုပ်တို့အားယနေ့ပေးသနားတော်မူပါ။
၁၂ သူတပါးသည်အကျွန်ုပ်တို့ကိုပြစ်မှားသောအပြစ်များကိုအကျွန်ုပ်တို့သည်လွှတ်သကဲ့သို့အကျွန်ုပ်တို့၏အပြစ်
များကို လွှတ်တော်မူပါ။
၁၃ အပြစ်သွေးဆောင်ရာသို့မလိုက်မပါစေဘဲ၊ မကောင်းသောအမှုအရာမှလည်းကယ်နှုတ်တော်မူပါ။ အစိုးပိုင်သော
အခွင့်နှင့်ဘုန်းတန်ခိုးအာနုဘော်သည်ကမ္ဘာအဆက်ဆက် ကိုယ်တော်၌ရှိပါ၏။အာမင်ဟုဆုတောင်းကြလော့။

<u>ရှင်မဿဲခရစ်ဝင် ၉း၃၅</u>

၃၅ ယေရှုသည်တရားစရပ်တို့၌ဆုံးမဩဝါဒပေးလျက်၊ နိုင်ငံတော်နှင့်ယှဉ်သောဧဝံဂေလိတရားကိုဟောလျက်၊ လူများ
ခံရသောအနာရောဂါအမျိုးမျိုးတို့ကိုငြိမ်းစေလျက်၊ မြို့ရွာရှိသမျှကိုဒေသစာရီ လှည့်လည်တော်မူ၏။ လူအစု
အဝေးတို့ ကိုမြင်တော်မူလျှင် သနားခြင်းစိတ်ရှိတော်မူ၏။

**<u>ရှင်မဿဲခရစ်ဝင် ၁၀း၈</u>**

၈ နာသောသူတို့အားချမ်းသာပေးကြလော့။ သေသောသူတို့ကိုထမြောက်စေကြလော့။ နူသောသူတို့ကိုသန့်ရှင်းစေကြလော့။နတ်ဆိုးတို့ကိုလည်းနှင်ထုတ်ကြလော့။ သင်တို့သည်အဘိုးမပေးဘဲကျေးဇူးတော်ကိုခံရကြပြီဖြစ်၍အဘိုးမပေးဘဲကမ်းကြလော့။

<u>ရှင်လုကာခရစ်ဝင် ၁၀း၂၅-၂၉</u>

၂၅ တရံတရောအခါကျမ်းတတ်တယောက်သည်ထ၍၊ အရှင်ဘုရား၊ ထာဝရအသက်ကိုအမွေခံရအံ့သောငှါ
အကျွန်ုပ်သည် အဘယ်အမှုကိုပြုရပါမည်နည်းဟုကိုယ်တော်ကိုစုံစမ်းနှောင့်ယှက်ခြင်းငှါမေးလျှောက်သော်၊
၂၆ ကိုယ်တော်က၊ ပညတ္တိကျမ်း၌အဘယ်သို့လာသနည်း။ သင်သည်အဘယ်သို့ဘတ်သနည်းဟုမေးတော်မူလျှင်၊
၂၇ ထိုသူက၊ သင်၏ဘုရားသခင်ထာဝရဘုရားကိုစိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှ၊ ဉာဏ်ရှိသမျှနှင့်ချစ်လော့။ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့ဟုပြန်လျှောက်လေ၏။
၂၈ ကိုယ်တော်ကလည်း၊ သင်၏စကားသည်မှန်ပေ၏။ ထိုသို့ပြုလျှင်အသက်ကိုရမည်ဟု မိန့်တော်မူ၏။

<u>ရှင်မဿဲခရစ်ဝင် ၂၈း၁၈-၂၀</u>

၁၈ ယေရှုသည် အနီးအပါးသို့ချဉ်းတော်မူပြီးလျှင်၊ ကောင်းကင်ဘုံ၌၎င်း၊မြေကြီးပေါ်၌၎င်း၊ စီရင်ပိုင်သောအခွင့်တန်ခိုးရှိသမျှတို့ကိုငါခံရပြီ။
၁၉ သင်တို့သွား၍လူမျိုးတကာတို့ကိုငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ဗတ္တိဇံကိုပေးကြလော့။
၂၀ ငါသည်သင်တို့အားပေးသမျှသောပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှါဆုံးမဩဝါဒပေးကြလော့။ ငါသည်လည်းကပ်ကမ္ဘာကုန်သည့်တိုင်အောင်သင်တို့နှင့်အတူအစဉ်မပြတ်ရှိသည်ဟုတပည့်တော်တို့အားမိန့်တော်မူ၏။

တိမောသေသြဂါဒုတိယစောင် ၂း၂

၂ သက်သေခံအများရှိသည်နှင့်ငါ့ထံ၌ကြားရပြီးသောအရာတို့ကို၊ သစ္စာနှင့်ပြည့်စုံ၍သူတပါးတို့ကိုသွန်သင်ခြင်းငှါ၊ တတ်စွမ်းနိုင်သောသူတို့၌အပ်ပေးလော့။

ရှင်လုကာခရစ်ဝင် ၄း၁၆-၂၁

**၁၆** ကြီးပွားတော်မူရာနာဇရက်မြို့သို့ ရောက်ပြန်လျှင်၊ ထုံးစံတော်ရှိသည်အတိုင်း ဥပုတ်နေ့၌တရားစရပ်သို့ဝင်၍ ကျမ်းစာကိုဘတ်ရွတ်ခြင်းငှါထတော်မူ၏။


**၁၇** စရပ်စောင့်သည်ပရောဖက်ဟေရှာယ၏ ကျမ်းစာကိုပေးသည်ဖြစ်၍၊ ကျမ်းစာကိုဖွင့်တော်မူလျှင်တွေ့သော အချက်ဟူမူကား၊

**၁၈** ထာဝရဘုရား၏ဝိညာဉ်တော်သည်ငါ့အပေါ်၌တည်တော်မူ၏။

**၁၉** အကြောင်းမူကား၊ ဆင်းရဲသားတို့အားဂမ်းမြောက်စရာသိတင်းကိုကြားပြောစေခြင်းငှါငါ့ကိုဘိသိက်ပေးတော်မူပြီ။ ကြေမွသော သူတို့၏အနာကိုပျောက်စေခြင်းငှါလည်း၊ ဘမ်းသွားချုပ်ထားလျက်ရှိသောသူတို့အားလွတ်ခြင်းအကြောင်းနှင့် မျက်စိကန်းသောသူတို့အားမျက်စိမြင်ပြန်ခြင်းအကြောင်းကိုပြစေခြင်းငှါလည်း၊ညှင်းဆဲခံရသောသူတို့ကိုကယ်မစေခြင်းငှါလည်း၊ ထာဝရဘုရား၏မင်္ဂလာနှစ်ကာလကိုကြားပြောစေခြင်းငှါလည်း၊ ငါ့ကိုစေလွှတ်တော်မူပြီဟုလာသတည်း။

**၂၀** ကျမ်းစာကိုလိပ်၍စရပ်စောင့်အားပေးပြီးမှထိုင်တော်မူ၏။ စရပ်၌ရှိသောသူအပေါင်းတို့သည် ကိုယ်တော်ကို စေ့စေ့ကြည့်လျက်နေကြ၏။

**၂၁** ယေရှုကလည်း၊ယနေ့ပင်ဤကျမ်းစာချက်သည် သင်တို့ကြားသည်အတိုင်းပြည့်စုံလေပြီဟု မိန့်တော်မူ၏။





<u>**ကိုးကားချက်များ-**</u>

မဿဲ ၉း၃၅-၁၀း၂
မဿဲ ၂၈း၁၈-၂၀
လုကာ ၁၀း၂၅-၂၉
လုကာ ၂း၅၂
၂ တိမောသေ ၂း၂


စိတ်ပိုင်းဆိုင်ရာ
စိတ်ခံစားမှုဆိုင်ရာ
လူမှုဆိုင်ရာ
ကိုယ်ခန္ဓာဆိုင်ရာ
အကောင်းဆုံးသော
ဆုံးဖြတ်ချက်စီရင်ပါ
ဝိညာဉ်ဆိုင်ရာ
ကျန်းမာမှု
ဘုရားသခင်နှင့်
ဆက်သွယ်မှု

# တလောကလုံး သို့
# ပြည့်စုံသောသတင်းကောင်း
# ၃ w's-
# လုကာ ၄း၁၆-၂၁




9